
သတို့သမီး

# နောက်မှ ... သတို့သမီး

## သံလွင်ဆေး

## (၁)

ရန်ကုန်မြို့စွန်ရှိ မော်ဘီမြို့နယ်ကလေး၏ ကားလမ်းမကြီး တစ်ခုပေါ်ဝယ် လမ်းကြောအအတိုင်း ပြေးနေသည့် ဘတ်စ်ကားများ၊ ရုံးဆင်းရုံးပြန် လူများဖြင့် စည်ကားလျက်ရှိကာ ညနေခင်း နေရောင် ဖျော့ဖျော့ငယ်ဖြင့် အုပ်မိုး၍ရှိလေသည်။

ထိုညနေခင်း ဖျော့ဖျော့အောက်တွင် ကားမှတ်တိုင်တစ်ခုရဲ့ အနီးအနားရှိ နှစ်ထပ်တိုက်တစ်ခု၏ အရှေ့၌ အသက်၁၈နှစ်အရွယ် မိန်းကလေး တစ်ဦးသည် သူမ၏ အိမ်မွေးခွေးကလေးဖြင့် ဆော့ကစားလျက် ရှိလေသည်။

ထိုမိန်းကလေးသည် အရပ်ငါးပေ လေးလက်မခန့် ရှိပြီး ဝင်းဝါစိုပြည်သော အသားအရေ၏ တင့်တယ်မှုနှင့်အတူ ကောင်းခြင်းငါးဖြာနှင့် ပြည့်စုံသော မိန်းကလေးဟု ပြောစမှတ်ပြုရမည်။ အိမ်မွေးခွေးကလေးနှင့် ဆော့ကစားနေသဖြင့် သူမ၏ နက်မှောင်ကျော့ကျော့နှင့် ခါးအထိ ရှည်လျားသော ဆံနွယ်များကား ပြေပြစ်သွယ်လျသော ခန္ဓာကိုယ်ပေါ်သို့ လှုပ်ခါနွဲ့ယိမ်းနေမှုမှာ ညနေ၏ အရောင်နှင့် လိုက်ဖက်လွန်းလှနေသည်။

ထိုမိန်းကလေးအား လမ်းမကြီး၏ တစ်ဖက်မှ ကားမှတ်တိုင်အနီးရှိ ဓာတ်တိုင်အား မှီလျက် ရပ်နေသော အသက်၁၈နှစ်ခန့် လူရွယ်တစ်ဦးမှ ငေးကြည့်လျက်ရှိလေသည်။ ထိုလူရွယ်သည် လျှာထိုးဦးထုပ် ဆောင်းထားလျက် ပေ့ါပါးသော အဝတ်အစားများကို ဝတ်ဆင်ထားလေသည်။ လျှာထိုး

ဦးထုပ်အား ခပ်ငိုက်ငိုက် စောင်းထားသော်လည်း သွယ်လျသော နှာတံနှင့် ပြေပြစ်သော နှုတ်ခမ်းတို့မှာ ထိုလူရွယ်၏ ဖြူလွသော မျက်နှာပေါ်တွင် အထင်းသား ပေါ်၍နေသည်။ ကိုယ်လုံး ကိုယ်ပေါက်မှာလည်း သွယ်သွယ် လျလျနှင့် ခပ်ညှက်ညှက် အနေအထား ရှိလေသည်။

ထိုလူရွယ်မှာ လမ်းမတစ်ဖက်၏ ပလက်ဖောင်းပေါ်ရှိ ခွေးငယ်ကလေး ဖြင့် ဆော့ကစားနေသော မိန်းကလေးအား ရပ်၍ ငေးကြည့်နေသည်မှာ နာရီဝက်ခန့်ကြာပြီ ဖြစ်သည်။ နောက်ပြီး သူသည် ထိုကဲ့သို့ သူမအား ထို နေရာကလေးမှ ရပ်လျက် လာရောက် ငေးမောနေမိသည်မှာ လေးငါးရက် မျှ ကြာပြီဖြစ်လေသည်။

သူသည် သူရပ်ကြည့်လျက်ရှိသော လမ်းတစ်ဖက်ခြမ်းမှ မိန်းကလေးအား စိတ်ဝင်စားမိ နေသည်မှာ ကြာပြီဖြစ်လေသည်။

"ဘုရားရေ ... ဟော့ ... ဟော့ ဖစ် ...၊ ဟင် ... "

ထိုစဉ် မိန်းကလေး၏ "ဖစ်" ဆိုသော ခွေးငယ်ကလေးသည် သူမနှင့် ဆော့ကစားနေရာမှ ရုတ်တရက် ကားလမ်းမပေါ်သို့ သူမ၏လက်ထဲမှ လွတ်၍ ပြေးဝင်လေသည်။ မိန်းကလေးမှာလည်း သူမ၏ခွေးကလေးမှာ ကားလမ်းမပေါ်သို့ ပြေးလေသောအခါ လန့်၍သွားကာ အတင်း လိုက်ဖမ်း လေသည်။

" ပွမ် ... ... ... "

ထိုသို့ လိုက်ဖမ်းသည့်အခါတွင် ကားလမ်းမပေါ်တွင် မောင်းနှင်လာသော ဘတ်စ်ကားတစ်စီးနှင့် တိုက်မိရန် အတော် နီးကပ်သွားသည့်အတွက် ကား ဟွန်းတီးသံများ ဆူညံစွာ ထွက်ပေါ်လာလေသည်။

မိန်းကလေးသည် လန့်ဖျပ်ကာ ပလက်ဖောင်းပေါ်သို့ အလျင်အမြန် ပြန်

တက်လျက် နှလုံးခုန်သံများ ကျယ်လောင်စွာ ထွက်ပေါ်၍ ထိုင်ချလိုက်လေသည်။ သူမ၏ ခွေးကလေး....၊ သူမ၏ ခွေးကလေးရော ... ဘုရားဘုရား။

"ဟော့ ... ... ယူ၊ မင်း အဆင်ပြေရဲ့လား ...၊ ရော့ ဒီမှာ မင်းကောင်လေး ... "

"ဟင် ... ဖစ်၊ ဖစ်၊ ကလေးလေး ဘာမှမဖြစ်ဘူးနော် ...၊ ကျေးဇူးတင်လိုက်တာရှင် ... "

"မင်းကောင်လေး ဘာမှမဖြစ်ပါဘူး ... ကားနဲ့သီသီလေး လွတ်ပြီး လမ်းဟိုဘက်ခြမ်းကို ပြေးလာလို့ ကိုယ်ဖမ်းထားလိုက်တာ ... ၊ မင်းရော အဆင်ပြေရဲ့လား ... "

"သိမ့်လည်း လန့်သွားတာတအားပဲ ...၊ တော်သေးတာပေါ့ ကံကောင်းလို့ ... ဖစ်ရော၊ သိမ့်ရော ဘာမှမဖြစ်တာ၊ ဒါနဲ့ ဖစ်ကို ဖမ်းထားပေးတာ ကျေးဇူးပါနော် ... "

"မင်းဘာမှမဖြစ်ဘူး ဆိုရင်ရပြီ ... ဒါဆို ကိုယ် သွားတော့မယ် ... "

"ဟုတ် ... "

သိမ့် ဆိုသော မိန်းကလေး၏ ခွေးကလေးသည် သူမ၏ လက်ထဲမှ လွတ်သွားသည့် အချိန်တွင် ကားဟွန်းတီးသံဖြင့် လန့်၍ လမ်းတစ်ဖက်ကမ်းဆီသို့ ပြေးသဖြင့် လမ်းတစ်ဖက်ကမ်းတွင် စောစောက သိမ့်အား ငေးကြည့်လျက်ရှိသော လူရွယ်မှ ဖမ်းထားလိုက်ခြင်း ဖြစ်သည်။

လူရွယ်သည် မိန်းကလေးထံ ခွေးကလေးအား ပေးပြီးသည်နှင့် လမ်းတစ်ဖက်ခြမ်းသို့ ပြန်ကူးကာ ထွက်သွားလိုက်လေသည်။ သိမ့်သည် ထိုလူရွယ်အား ဝေးလျက် ကျန်ခဲ့လေသည်။ သူမသည် ယခုမှ စိတ်အေးရလေသည်။ စောစောက ဖြစ်ရပ်ကြောင့် နှလုံးရပ်မတတ် လန့်၍သွားပြီး

ခွေးကလေး ဖစ် အားလည်း လွန်စွာမှ စိတ်ပူမိသွားခဲ့ရသည်။ ထိုလူရွယ်မှ ဖမ်းထားပြီး လာပေးသောအခါမှ သူမ စိတ်အေးခဲ့ရလေသည်။

ထိုလူငယ် ထွက်သွားပြီးမှ သိမ့်ဆိုသော မိန်းကလေးသည် သူမ၏ ခွေးကလေးအား သူမထံ ပြန်ပို့ပေးခဲ့သော လူရွယ်အကြောင်း တွေးနေမိလေသည်။ ထိုကောင်လေးသည် ရုပ်ရည် သန့်ပြန့် လေသည်။ ရုပ်ရည်သန့်ပြန့်သည် ဆိုတာထက် မိန်းမချော ... ချောသည်ဟု ဆိုရမည်။ နှာတံစင်းစင်း မျက်နှာကျသွယ်သွယ် ကြည်လင်ဖြူဖွေးသော မျက်နှာထားဖြင့် မိန်းကလေးများကပင် အရှုံးပေးရလောက်အောင် ချောမောသော အသွင်အပြင်ရှိသူ ဖြစ်သည်။ ခန္ဓာကိုယ် အချိုးအစားမှာလည်း ယောက်ျားမဆန်၊ သွယ်၍ ကြည့်ကောင်းလေသည်။

ထိုသို့ လူငယ်မျိုးကို သူမ ဒီအနီးအနားတွင် မတွေ့ဖူးမမြင်ဖူးပါ။ ဧကန္တ ထိုယောက်ျားလေးမှာ သည်အနီးအနားကတော့ မဖြစ်နိုင်။ တခြားတစ်နေရာရာတွင် နေထိုင်သူဖြစ်ရမည်။ မည်သို့ပင်ရှိစေကာမူ သူမ၏ခွေးကလေး ဖစ် အား ဘေးမသီရန်မခအောင် ထိန်းသိမ်းပြီး သူမဆီ ပြန်ပို့ပေးခဲ့သည်ကိုတော့ ကျေးဇူးတင်လျက် ရှိလေသည်။

***

(၂)

သိမ့်ဆိုသော မိန်းကလေးသည် ထိုမြို့နယ်ရှိ ( ...   ... )မှတ်တိုင် အနီးရှိ လမ်းမကြီးနံဘေးမှ နှစ်ထပ်တိုက်တွင် နေလေသည်။ သိမ့်၏နာမည် အပြည့်အစုံမှာ သိမ့်ဖူးဝေ ဖြစ်သည်။ သူမတို့ နေထိုင်ရာ အနီးအနား ဝန်းကျင်မှ ကာလသား လူငယ်လူရွယ်များသည် သူမအား စိတ်ဝင်စားကြသည်။ သိမ့်သည် လှသည်။ တည်ကြည်သော ယောကျ်ားလေး တစ်ဦးကပင် ကြွေကျရလောက်သော အလှနှင့် ပြည့်စုံသူ ဖြစ်သည်။ သူမသည် ဝင်းဝါသောအသားအရေနှင့် သွယ်လျလှပသော အချိုးအစားရှိပြီး ခါးအထိ ရှည်သော ဆံနွယ်ကျော့ကျော့များ ပိုင်ဆိုင်ကာ ခေတ်ဆန်စွာ ဝတ်စားတတ်သဖြင့် ကောင်လေးများ၏ စိတ်ဝင်စားခြင်းကိုခံရသော မိန်းကလေးတစ်ဦး ဖြစ်လေသည်။ သူမအား စိတ်ဝင်စားနေသည့် ယောကျ်ားလေးများထဲတွင် သူမနှင့် တစ်အိမ်ကျော် နှစ်အိမ်ကျော်တို့တွင် နေသော "နောင်ရိုး" နှင့် "ချိုကြီး" ဆိုသည့် လူငယ်နှစ်ယောက်ကတော့ ထိပ်ဆုံးကဖြစ်သည်။

သူတို့နှစ်ဦးနှင့် သိမ့်ဖူးဝေမှာ အိမ်နီးနားချင်းတွေ ဖြစ်သဖြင့် ပို၍ ရင်းနှီးကြကာ ပြောမနာဆိုမနာ သူငယ်ချင်းများလည်း ဖြစ်ကြလေသည်။

တစ်နေ့ သိမ့်ဖူးဝေ ဈေးဘက်သို့ အသွားတွင် ချိုကြီးနှင့် လမ်းခုလတ်တွင် ဆုံကြလေသည်။

"သိမ့် ၊ ကောင်မလေး နင်ဘယ်လဲ"

"ဈေးသွားမလို့လေ ဘာလဲပြော"

"မနေ့က နင် ကားတိုက်မိမလို ဖြစ်သေးတယ်ဆို ...၊ ငါ ကြားကြားချင်း စိတ်ပူလိုက်ရတာဟာ"

"အေးဟယ် ... ငါ လန့်သွားတာပဲ သိလား၊ ငါ့ဖစ်လေးကို ငါ့မှာ ကား အောက် ရောက်သွားပြီ ထင်နေတာ၊ တော်သေးတယ် သိလား ၊ ကောင် လေးတစ်ယောက် ကယ်လိုက်လို့ဟ"

"ဟဲ့ ... အဲ့ကောင်က ဘယ်သူလဲ ... ဘယ်ကလဲ ... "

"မသိဘူးဟ ငါ့လက်ထဲ ဖစ်လေးကိုထည့်ပေးပြီး ပြန်ထွက်သွားတာ ၊ ဟဲ့ သိလား ကောင်လေးက ချောတယ်ဟ"

"ဟဲ့ ... ငါပြောထားမယ်နော် ... နင့်နားကိုကပ်တဲ့ ကောင်ဆို ကယ်တင်ရှင်တွေ ဘာတွေ ငါမသိဘူး ငါဆွဲဖြဲပစ်မယ် ... "

"နင်က ဘာဆိုင်လို့လဲ ... ငါလုပ်လိုက်ရ"

"ဆိုင်ဆိုင် မဆိုင်ဆိုင်ဟာ၊ ငါသွားလိုက်ဦးမယ် ... ဟိုကောင်နောင်ရိုးနဲ့ လက်ဖက်ရည်ဆိုင်မှာ ချိန်းထားလို့ "

"ပြီးတာပဲ ကွ ... ကွ"

ချိုကြီးသည် သိမ့်ဖူးဝေအား ပြောချင်တာပြောပြီး နောင်ရိုးနှင့် ချိန်း ထားသည်ဟု ဆိုကာ လှည့်ထွက်သွားလေသည်။ သိမ့်ဖူးဝေသည် ဈေးသို့ ဆက်လျှောက်လာရာ သူမအား တစ်စုံတစ်ယောက် ကြည့်နေသည်ဟု ခံစား ရကာ ဘေးဘီဝဲယာသို့ လှည့်ကြည့်လိုက်ရာ တစ်နေရာတွင် လူငယ်တစ် ယောက်က သူမအား ငေးကြည့်နေသည်ကို တွေ့လိုက်ရလေသည်။ ထို လူငယ်မှာ မနေ့က သူ့၏ ခွေးကလေး ဖစ်အား ကယ်ခဲ့သော လူငယ်ဖြစ်နေ လေသည်။ သိမ့်ဖူးဝေသည် ထိုလူငယ်အား မနေ့ကကိစ္စအား ကျေးဇူးတင် ကြောင်း ပြောချင်သေးသဖြင့် ထိုလူငယ်ဆီသို့ သွားလိုက်သည်။

"ဟို ... မနေ့က ဖစ်လေးကို ကယ်ခဲ့တဲ့တစ်ယောက် မဟုတ်လား၊ သိမ့် ကျေးဇူးတင်လို့ ရှင့်နာမည်သိထားခွင့် ရှိမလားဟင်"

"ကိုယ့်ကို မိုက်ခ် လို့ပဲ ခေါ်ပါ"

"မိုက်ခ်၊ ဟုတ်လား ...၊ ရှင့်နာမည်က တစ်မျိုးပဲ ... ၊ ဒါနဲ့ သိမ့်နာမည်က သိမ့်ဖူးဝေ ပါ ... "

လူငယ်က ခေါင်းညိတ်ပြရုံသာ ညိတ်ပြလေသည်။

"ဒါနဲ့လေ မနေ့က ကိစ္စ ရှင့်ကို ကျေးဇူးအရမ်းတင်တယ် သိလား ၊ သိမ့် ဖြင့် ဖစ်လေးကို ဆုံးရှုံးရပြီ ထင်နေတာ ... ဒါနဲ့ မိုက်ခ် က ဘယ်ကလဲ ... မို က်ခ် ကို အရင် ဒီနားမှာ တစ်ခါမှမမြင်ဖူးဘူး ... "

"ကိုယ်က ဒီနားက မဟုတ်ပါဘူး ... ဒီနားကိုတော့ အခုတလော ... ရောက်ဖြစ်နေတာ အကြောင်း တစ်ခုကြောင့်ပါ ... "

"ဟုတ်ပါပြီရှင် ... ဒါဆို သိမ့်သွားဦးမယ် ဈေးနောက်ကျနေမှာစိုးလို့ ...၊ သိမ့်ကို လမ်းမှာတွေ့ရင် ခေါ်နော် ... သိမ့်လည်း မိုက်ခ် ကိုတွေ့ရင် ခေါ်မှာ ... "

လူငယ်က ပြုံး၍ခေါင်းကိုသာ ညိတ်ပြလေသည်။ သိမ့်ဖူးဝေ မိုက်ခ်နှင့်ရပ်လျက် စကားပြောနေသည်ကို ခပ်လှမ်းလှမ်းဆီမှ မျက်မှောင်ကြုတ်၍ ကြည့်နေသူ တစ်ယောက်လည်း ရှိလေသည်။ ထိုသူမှာ နောင်ရိုး။ နောင်ရိုးသည် ချိုကြီးနှင့်ချိန်းထားသော လက်ဖက်ရည်ဆိုင်သို့ မရောက်မီ သိမ့်နှင့် ယောကျ်ားလေးတစ်ယောက် စကားပြောနေသည်ကို တွေ့၍ မကြည်ပဲ အကဲခတ်နေခြင်း ဖြစ်လေသည်။

"ဟဲ့ ...၊ သိမ့် ... "

"ဟဲ့... အမလေး ... လန့်လိုက်တာဟယ် နင်ကလည်း"

"ဟဲ့ အဲဒါဘယ်သူလဲ ဘယ်ကကောင်လဲ နင်နဲ့စကားပြောနေတာ ..."

"သူ့နာမည်က မိုက်ခ်တဲ့ ... ၊ မနေ့က ငါ့ခွေးလေးကို ကယ်ပေးတဲ့တစ်ယောက်ပေါ့ ၊ လမ်းတွေ့လို့ ကျေးဇူးတင်ကြောင်း ပြောနေတာ...၊ ဘာလဲ နင်ကရော ... ဘာလုပ်ဦးမလို့လဲ ... "

" ဒီကောင် နင့်ကို ကြောင်နေတဲ့ကောင်ဆို ငါဆွဲစီမလို့ ..."

"အမလေး နောင်ရိုး ပိုင်စိုးပိုင်နင်းနဲ့ဟယ် ... နင်လည်း ဟိုကောင်ချိုကြီး လိုပဲ ... မသိရင် ငါ့များ နင်တို့ကောင်မလေး ကျနေတာပဲ ... "

"ငါ့ကောင်မလေး မဖြစ်သေးလို့ အခုရပ်ပဲ ကြည့်နေတာပေါ့ဟ၊ ငါ့ကောင်မလေး ဖြစ်ပြီးလို့ကတော့ ဟွင်း ... ..."

"ရာရာစစ ဖြစ်လာမှာလည်း မဟုတ်ဘူး ... ဖယ် ... ငါသွားတော့မယ် ... နင်လည်းသွားတော့ နင့်ယောက်ဖချိုကြီးက နင့်ကို စောင့်နေလောက်ပြီ ... လမ်းမှာငါနဲ့ တွေ့ခဲ့သေးတယ် ... "

"ဟေ့ကောင် ချိုကြီး၊ မင်း သိမ့်နဲ့ တွေ့ခဲ့သေးတယ်ဆို"

"အေး နောင်ရိုး၊ လာကွာ ... ငါမင်းကို ပြောစရာရှိတယ် "

"အေး ငါလည်း ပြောစရာရှိတယ် ... မင်းကို ...၊ ငါအရင်ပြောမယ်ကွာ ...၊ ငါခုနက မင်းဆီလာရင်း လမ်းမှာ သိမ့်နဲ့တွေ့ခဲ့တယ်၊ ပြောမယ့်ဟာက သိမ့်နဲ့ ဘယ်ကကောင်မှန်း မသိတဲ့ကောင် တစ်ကောင် စကားပြောနေတာကွ ၊ ဂျောဒကီးလိုလို ဘာလိုလိုနဲ့ကွာ ၊ ဖြူဖပ်ဖြူရော်နဲ့ကွာ ၊ ငါ သိမ့်ကို မေးကြည့်တော့ မနေ့က သူ့ခွေးကို ကယ်ခဲ့တဲ့ကောင်မို့လို့ စကားပြောနေတာတဲ့"

"အေး အဲ့ဒါပဲ ၊ ငါလည်း မင်းကိုပြောမှာ အဲ့ဒါပဲ ၊ အဲ့ဒီကောင်က ဘယ်ကကောင်လဲ မသိဘူးကွ၊

ငါတို့ ဒီတစ်ဝိုက်မှာတော့ မတွေ့ဖူးဘူး.၊ သိမ့်ကလည်း ဒီကောင့်ကို ပြန်ကြည့်သွားရင် ငါတို့တော့ ကွိုင်ပဲ "

"အဲဒါပြောတာ ချိုကြီးရ ၊ ငါကတော့ သိမ့်နားကို ဘယ်ကောင်မှ ကပ်တာကို မလိုချင်ဘူး ၊ မင်းကိုတောင် သူငယ်ချင်း အရင်းခေါက်ခေါက်ကြီးမို့ ငါဘာမှမပြောတာ၊ သိမ့်ကလည်း မင်းနဲ့ငါ့ဆို ငါ့ပဲရွေးမှာမို့လို့ လွှတ်ပေးထားတာကွ"

"ဟေ့ကောင် နောင်ရိုး ၊ ခွေးသား မင်း စကားကြည့်ပြော ၊ မင်းကငါ့ထက်ကြည့်ကောင်းတာတော့ လက်ခံတယ်၊ ဒါပေမဲ့ သိမ့်ရွေးချင်ရွေး ငါ့ကိုပဲရွေးမှာ၊ သူ့အပေါ်မှာ ငါက မင်းထက် အလိုက်ပိုသိတယ်ကွ"

"ဟေ့ကောင် မင်း၊ ငါ သူငယ်ချင်းမို့ ဘာမှမပြောတာနော် သိမ့်နဲ့ပတ်သက်ရင် မင်းလွန်မလာနဲ့"

"လွန်တော့ ဘာဖြစ်လဲကွာ ... "

"လွန်လွန် မလွန်လွန်ကော ကဲကွာ ... "

"အင့်"

"ဟာ... ကဲကွာ ... "

"အု ...

ပြောရင်းဆိုရင်း ရည်းစားလုဖက် သူငယ်ချင်းနှစ်ဦး ရန်ထဖြစ်ကြလေသည်။ ရန်ထ ဖြစ်သည် ဆိုသည်မှာလည်း သူများတွေလို ထိုးကြကြိတ်ကြသည် မဟုတ်။ တစ်ယောက်က ရေနွေးခွက် စိမ်ထားသော ခွက်ထဲမှ ရေကို ခပ်၍ပက်ပြီး ... တစ်ယောက်က စားပွဲပေါ်က မုန့်ထုပ်နှင့် ပစ်ပေါက်ကြသည်သာ။

"ဟေ့ကောင်တွေ တော်တော့ ... တော်ကြစမ်း ... မင်းတို့ ပုံမှန်ပဲ ၊ ငါ့ဆိုင်

လာရင် ထဖြစ်ပြီ၊ ပြီးရင်လည်း ဘာမှဟုတ်ကြတာ မဟုတ်ဘူး ... "

ဆိုင်ရှင်ဦးလေးကြီး ထ၍ဟောက်မှသာ နှစ်ယောက်သား ငြိမ်ကြလေသည်။ နောင်ရိုးနှင့် ချိုကြီးသည် ငယ်ပေါင်းကြီးဖော်တွေ ဖြစ်ပေမဲ့ သိမ့်ဖူးဝေအား အပြိုင်ပိုးနေကြသူတွေ ဖြစ်သည့်အတွက် လက်ဖက်ရည်ဆိုင်သို့ ရောက်တိုင်းတွင် သိမ့်ဖူးဝေအကြောင်း ပြောရင်း ရန်ထဖြစ်သည်က များသည်။ ရန်ဖြစ်ကြသည့် အခါတွင်လည်း ကလေးတွေလို နီးရာနှင့် ကောက်ပေါက်ကြရုံသာ။ ပြီးလျှင်လည်း နှစ်ယောက်သား ပခုံးဖက်၍သာ ပြန်သွားကြသူတွေသာဖြစ်လေသည်။

နောင်ရိုးသည် လူချောတစ်ဦး ဖြစ်ပြီး စကားပြောကြွယ်သောသူ တစ်ဦးလည်း ဖြစ်သည်။

နောင်ရိုး၏ ရုပ်ရည်မှာ ကြည့်ကောင်း၍ စွဲဆောင်မှုရှိသောကြောင့် နီးစပ်ရာ မိန်းကလေးများသည် နောင်ရိုးအား ကြည်ကြလေသည်။ သို့သော် နောင်ရိုးသည် သိမ့်ဖူးဝေကိုသာ ကြိုက်နှစ်သက်သဖြင့် တခြား မိန်းကလေးများကိုမူ စိတ်ဝင်စားခြင်း မရှိပေ။ သိမ့်ဖူးဝေကမူ နောင်ရိုးအား သူငယ်ချင်းထက်ပို၍ မမြင်။

ချိုကြီး၏ နာမည်အရင်းမှာ ကြည်သာချို ဖြစ်သည် ။ သို့သော် ရင်းနှီးသူအားလုံးက ချိုကြီး ဟုသာ ခေါ်ကြလေသည်။ ချိုကြီးသည် သန့်သန့်ပြန့်ပြန့်နေတတ်ပြီး ယောကျ်ားပီသ၍ ခန့်သော မျက်နှာထား ရှိလေသည်။ ချိုကြီးသည် သိမ့်ဖူးဝေနဲ့ ပတ်သက်လျှင် အင်မတန်မှ အလိုက်သိသော သူတစ်ဦးဖြစ်သည်။

သိမ့်ဖူးဝေက ချိုကြီးရေ ဆိုတာနှင့် ... အပြေးအလွှား ရောက်ကာ "သိမ့်ဘာခိုင်းမလို့လဲ" ဟု မေးပြီးသား ဖြစ်နေတတ်သောသူလည်း ဖြစ်သည်။ ချိုကြီးသည်လည်း နောင်ရိုးကဲ့သို့ပင်။ သိမ့်ဖူးဝေ တစ်ယောက်ကိုသာ

မိန်းကလေး ထင်ထားသော်လည်း သိမ့်ဖူးဝေထံမှ သူငယ်ချင်း အဆင့်ထက် ပို၍ မဆက်ဆံခံရပါ။

***

( ၃ )

နောက်တစ်နေ့၌ သိမ့်ဖူးဝေတို့ အိမ်အနီး မလှမ်းမကမ်းတွင် နောင်ရိုးနှင့် ချိုကြီးတို့ ရစ်သီရစ်သီ လုပ်နေကြလေသည်။ သူတို့နှစ်ယောက်သည် သိမ့်ဖူးဝေရဲ့ ကျေးဇူးရှင် ဆိုသောကောင် ရောက်လာလျှင် ပညာပြပေးရမည်ဟု ဆိုကာ မိုက်ခ် တစ်ယောက် ရောက်လာလို ရောက်လာငြား သိမ့်ဖူးဝေ၏ အိမ်အနီးတွင် ရစ်သီရစ်သီလုပ်ကာ လာစောင့်ဆိုင်းနေခြင်း ဖြစ်လေသည်။ သိမ့်ဖူးဝေသည်လည်း အိမ်အပေါ်ထပ် ဝရန်တာမှနေ၍ သူတို့နှစ်ယောက်အား အထူးဆန်းဖြစ်ကာ အကဲခတ်နေမိလေသည်။ ဒီနှစ်ယောက် ဘာတွေကြံ၍ ဘာတွေ ခြေရှုပ်နေပါလိမ့်။

ဟော ... ။ ထိုနှစ်ယောက် ထင်ထားသည့်အတိုင်း မိုက်ခ်ဆိုသော မောင်မင်းကြီးသား ရောက်လာပါပြီ။

မိုက်သည် ဦးထုတ်အနက်လေးအား ခပ်ငိုက်ငိုက်စောင်းလျက် လမ်းတစ်ဖက်ခြမ်းမှ နေ၍ သိမ့်ဖူးဝေရှိရာ ဝရန်တာသို့ လှမ်းကြည့်၍နေလေသည်။ သိမ့်ဖူးဝေသည် မိုက်ခ်အား တွေ့လိုက်ရသဖြင့် ပြုံးပြနေစဉ် သူမ၏ အိမ်အနီးတွင် ရစ်သီရစ်သီလုပ်လျက် ရှိသော နောင်ရိုးနှင့်ချိုကြီးသည် လမ်းတစ်ဖက်ခြမ်းသို့ လမ်းကူးသွား၍ မိုက်ခ်ထံသို့ ရောက်လာကြသည်။

"ဟေ့ကောင် ၊ လူလေး ... ကြည့်လှချည်လား ... ၊ မင်းဘယ်ကလဲ ... ဟေ့ကောင် ... "

နောင်ရိုးမှ လူမိုက်အထာဖြင့် မိုက်ခ် အား စတင်မေးလေရာ မိုက်ခ် သည် နောင်ရိုးနှင့်ချိုကြီးအား တစ်ချက် စောင်းငဲ့ ကြည့်လိုက်ပြီး ခပ်တည်တည်ပဲ

ရှိ၍နေလေသည်။

"ဟေ့ကောင် ... မေးနေတာကြားလား ...၊ မင်း သိမ့်ကို လာချောင်းနေတာဆိုရင် ဒိုးလိုက်တော့ ကောင်လေး ... ၊ သိမ့် ရဲ့ ဖစ်လေးကို ကယ်ခဲ့လို့သာ အေးဆေး ပြန်လွှတ်တာနော်"

ချိုကြီးမှလည်း ဖြဲဟောက်လေရာ မိုက်ခ်သည် မည်သို့မျှပင် ဂရုစိုက်ခြင်း မမည်ပေ။

"နောင်ရိုး ဟေ့ကောင် ဒီကောင်က အလာကြီးပါလား ကြာတယ်ကွာ ဆွဲဖြဲ ..."

ချိုကြီးမှ စိတ်မရှည်တော့သည့် စကားဆုံးသည်နှင့် နောင်ရိုးသည် မိုက်ခ်၏ အင်္ကျီကော်လံစအား ဆွဲစောင့်လျက် လက်ကပါ ရွယ်လိုက်သည်။ ချိုကြီးသည်လည်း သူ၏အင်္ကျီလက်ခေါက်အား အပေါ်သို့ ပင့်တင်၍ အသင့်အနေအထားပင်။ ထိုစဉ် မိုက်သည် ကိုယ်ခံပညာ တစ်ခုခုအား သင်ထားဖူး၍လား မသိ လျှပ်ပ်တစ်ပြက် လျင်မြန်စွာ သူ၏အင်္ကျီကော်လံအား ဆုပ်ကိုင်ထားသော နောင်ရိုး၏ လက်အား ဆွဲလိမ်ကာ ရွယ်ထားသော လက်ကိုပါ ရိုက်ထုတ်လိုက်လေသည်။ ရုတ်တရက် အဖြစ်ကြောင့် ချိုကြီးလည်း အကြောင်ရိုက်သွားပြီးမှ မိုက်ခ်အား ဝင်လုံးရန်ပြင်လေသည်။ မိုက်ခ်သည် လူကောင် သေးသော်လည်း နောင်ရိုးနှင့်ချိုကြီးကို နည်းနည်းမျှပင် ဂရုမစိုက်ပဲ တည်ငြိမ်လွန်းလှသည်။

ထိုအဖြစ်အပျက်အား အစ,အဆုံး မြင်သော သိမ့်ဖူးဝေသည် မိုက်ခ်တို့ ရှိရာ လမ်းတစ်ဖက်ခြမ်းသို့ အမြန်ရောက်လာကာ နောင်ရိုးနှင့်ချိုကြီးအား ဝင်၍တားလေသည်။

"ဟဲ့ ... ဟဲ့ ... နင်တို့ ဘာဖြစ်ကြတာလဲ ... တော်ကြစမ်း ...၊ နင်တို့ ဘာဖြစ်နေတာလဲ ချိုကြီး နောင်ရိုး၊ ငါ ဝရန်တာကနေ ကြည့်နေတာ နင်တို့ဘာ

လို့ သူ့ကို ပြဿနာ သွားရှာတာလဲ"

"ဟ ... ၊ ဒီမယ် သိမ့် ဒီကောင်က နင့်ကို လာရှုံးနေတာ ငါတို့က လက်ပိုက်ကြည့်နေရမှာလား"

"တိတ်စမ်း ချိုကြီး ၊ သူ့ဘာသူ ငါ့လာရှုံးရှုံး မရှုံးရှုံး နင်တို့နဲ့ဘာဆိုင်လဲ၊ နင်တို့အခုဟာကတော့ တရားလွန်သွားပြီ ... ၊ မိုက်ခ် ... အားနာလိုက်တာ ဆောရီးနော်၊ သူတို့က သိမ့်သူငယ်ချင်းတွေပါ "

ချိုကြီးနှင့် နောင်ရိုးသည် သိမ့်စိတ်တိုသွားမှန်း သိ၍ ငြိမ်၍သာ နေလိုက်ရသော်လည်း နှစ်ယောက်စလုံး၏ စိတ်ထဲမှာတော့ မိုက်ခ်အား အခဲမကြေသေးပါ။

"ရပါတယ် ... ၊ ကိုယ် ပြန်တော့မယ် သိမ့်"

"ခဏ ခဏ မိုက်ခ် ၊ သိမ့်ကြောင့် ဖြစ်ရတဲ့အခုကိစ္စကို သိမ့်အားနာလို့ ဒီနားက အအေးဆိုင်လေးမှာ အအေး လိုက်တိုက်ပါရစေ ...၊ အားနာလို့ပါ ... "

မိုက်ခ်သည် သိမ့်က အအေးလိုက်တိုက်မည် ဆိုသဖြင့် ပြုံး၍ ခေါင်းညိတ်လိုက်သည်။ ထိုစဉ်ချိုကြီးမှ

"ဟဲ့ ... သိမ့် ...၊ ငါတို့ကရော ... "

ဟု ဘုဆတ်ဆတ်နှင့် ဝင်ပြောလေရာ

"ကောင်စုတ်တွေ နင်တို့ပါ လိုက်ခဲ့ ... "

ဟု သိမ့်ဖူးဝေပြန်ပြောတော့ ချိုကြီးနှင့်နောင်ရိုး နှစ်ယောက်စလုံး မကျေနပ်ဖြစ်နေသေးကြ သော်လည်း သိမ့်ဖူးဝေနောက်သို့ လိုက်ခဲ့လေသည်။

အအေးဆိုင်သို့ ရောက်သောအခါ သိမ့်ဖူးဝေသည် မိုက်ခ် အား စောစောကကိစ္စကို အားနာမိ၍ မိုက်ခ်အား အရေးပေးလျက် ရှိလေသည်။ ချိုကြီးနှင့်

နောင်ရိုးသည် သိမ့်နှင့် အနီးကပ်ထိုင်ခွင့် ရနေသောကြောင့် စိတ်ထဲမှ အခဲမကြေသော ကိစ္စအား မသိချင်ယောင် ဆောင်၍သာ နေလေသည်။

"အားနာလိုက်တာ မိုက်ခ်ရယ်၊ ခုနက ကိစ္စအတွက် သိမ့်ပဲ တောင်းပန်ပါတယ်နော်"

"ရပါတယ် သိမ့်၊ ဘာမှမဖြစ်ပါဘူး ကိုယ်က ..."

"ဒါနဲ့ သိမ့် မိုက်ခ်ကို မိတ်ဆက်ပေးမယ်၊ သူက နောင်ရိုးတဲ့၊ သူကတော့ ချိုကြီး၊ သိမ့်ရဲ့အိမ်နီးနားချင်း သူငယ်ချင်းတွေပေါ့"

" ဟဲ့ နောင်ရိုးနဲ့ချိုကြီး မိုက်ခ်နဲ့နင်တို့ ခုနက ဖြစ်တာကို စိတ်ထဲ ထားမနေနဲ့တော့ အခု မိတ်ဆက်ပေးပြီးပြီ ဆိုတော့ ငါတို့အားလုံး သူငယ်ချင်းလုပ်လို့ရပြီ "

သိမ့်ဖူးဝေသည် နောင်ရိုးနှင့်ချိုကြီးတို့အား မိုက်ခ်နှင့် မိတ်ဆက်ပေးလေရာ နောင်ရိုးမှ

" မိုက်ခ် ... ၊ သိမ့်ပြောသလိုပဲ စောစောက ကိစ္စတွက် စိတ်ထဲမထားနဲ့တော့ကွာ ... "

ဟုဝင်ပြောပြီး မိုက်ခ်နှင့် လက်ဆွဲနှုတ်ဆက်၍ မိတ်ဖွဲ့လေသည်။

"ရပါတယ် နောင်ရိုး ... ၊ ကိုယ်လည်း စိတ်ထဲမထားပါဘူး ၊ ကိုယ်သဘောပေါက်ပါတယ် ၊ နောင်ရိုးတို့က သိမ့်အတွက်နဲ့ ကိုယ့်ကို တစ်မျိုးမြင်ခဲ့ကြတာပဲလေ ..."

"အေး ... သဘောပေါက်ရင် ပြီးရောကွာ ... ချိုကြီးမှ ဘုဆတ်ဆတ်နှင့် ဝင်ပြောလေသည်။

"ဟဲ့ ... ချိုကြီး ...၊ နင် ဘယ်လိုဖြစ်နေတာလဲ"

" ငါကတော့ နောင်ရိုးလို သဘောထားမကြီးဘူး သိမ့် ... "

"ဟဟာ ... ကိုချိုကြီးရယ် ...၊ ကိုယ်က ချိုကြီးဆီက သိမ့်ကို လုမယူပါဘူး ဗျာ ... ကဲကဲ ... ချိုကြီး ရှိတ်ကမ်း ဗျာ ... "

မိုက်ခ်သည် ချိုကြီးအား လက်ချင်း နှုတ်ဆက်ရင်း ပြောလိုက်သည်နှင့် တစ်ပြိုင်နက် သိမ့်ဖူးဝေသည် ရက်အမ်းအမ်းဖြစ်ကာ

" ဟာ ... ဘယ်က ချိုကြီးနဲ့ ဘာဆိုင်လို့လဲ ... မိုက်ခ် ကလည်း"

ဟု ရယ်လျက်ပြောလိုက်သည်။

ချိုကြီးကတော့ သိမ့်ဖူးဝေမျက်နှာကြောင့် မိုက်ခ်နှင့် မိတ်ဆွေအဖြစ် လက်ခံလိုက်ရသော်လည်း စိတ်မကြည်သော မျက်နှာထားနှင့် ရှိလေသည်။ နောင်ရိုးကတော့ ရယ်လျက်သာ ရှိလေသည်။

သူတို့လေးယောက်သည် အအေးများ ကိုယ်စီမှာကာ အအေးဆိုင်ထဲတွင် တစ်ယောက်အကြောင်း တစ်ယောက်ပြောကာ ရယ်ရယ်မောမော ရှိကြလေသည်။ သိမ့်ဖူးဝေသည် သူမ၏ ဆံနွယ်ကလေးများကို ကိုင်ကိုင်ပြီး သူမ၏အကြောင်းကို မိုက်ခ်အား ပြောပြလျက်ရှိသည်။ နောင်ရိုး နှင့် ချိုကြီး ကလည်း သူတို့အကြောင်းများ ပြော၍ သိမ်ဖူးဝေနှင့် သူတို့နှစ်ယောက် ပတ်သက်ပုံများကို ပြောကြလေသည်။ သိမ့်ဖူးဝေသည် နောင်ရိုးနှင့်ချိုကြီး တို့ ပြောသည့် အကြောင်း များတွင် တစ်ချက်တစ်ချက် ရှက်ကာ ဝင်ဝင် ဟန့်တတ်လေသည်။

"ဒါနဲ့ မိုက်ခ် နာမည် အပြည့်အစုံကရော...၊ ပြီးတော့ ဒီတစ်ဝိုက်မှာ မိုက်ခ် ကို အရင်က မမြင်ဖူးတော့လေ... မိုက်ခ် က အခု ဘယ်မှာနေတာလဲ ...၊ သိမ့်တို့ ဘက်ကို ပြောင်းလာတာမျိုးလား"

"ဟုတ်တယ် မိုက်ခ်၊ ငါတို့ကိုလည်း ပြောပြဦး မင်းအကြောင်း ..."

"ကိုယ်က ထောက်ကြန့်ဘက်မှာ နေတာပါ ၊နာမည်က မိဘတွေပေးထား

တဲ့ နာမည်ကို မပြောချင်လို့ မိုက်ခ်၊ လို့ပဲခေါ်ပါ ... "

" ဟင် ... ဘာလို့လဲ၊ မိုက်ခ် မိဘတွေကရော မိုက်ခ်နဲ့အတူတူပဲ မဟုတ်လား ...၊ သူတို့ကရော ... မိုက်ခ်ကို ဘယ်လိုခေါ်လဲ"

"ကိုယ်က ထောက်ကြန့်မှာ တစ်ယောက်တည်းပဲနေတာ၊ အဖေရော အမေရောက နိုင်ငံခြားမှာပဲနေတာ ... မိုက်ခ် နဲ့ သိပ်စကားမပြောဘူး ... ဟီး..."

"ဟင် ဘယ်လိုကြီးလဲ မိုက်ခ်ရဲ့...၊ ဒါနဲ့ မိုက်ခ်က သိမ့်တို့ဘက်ကို ရောက်ရောက် နေတာကရော ဘာကြောင့်လဲ...၊ အရင်ကမတွေ့ဖူးပဲ အခုမှတွေ့နေရလို့ စပ်စုကြည့်တာပါ"

"ဒီလိုပါပဲ သိမ့်၊ နောက်တော့မှ ပြောပြမယ် ... "

"ဟင် ... မိုက်ခ်ကလည်း ..."

"ဟုတ်သားပဲ ... မိုက်ခ်၊ အခုပြောပြတော့ ဘာဖြစ်မှာမို့လို့လဲ ... "

"အေးလေ ..."

"ဟီးဟီး ... အခုပြောလို့မရလို့လေ ... "

မိုက်ခ် က ပြုံးရယ်လျက် သူ့၏အကြောင်းအား လျှို့ဝှက်ကာ မပြောပဲရှိလေသည်။ သိမ့်ဖူးဝေနှင့် နောင်ရိုးတို့ချိုကြီးတို့ကလည်း မိုက်ခ်မပြောချင်သည်ကို အတင်းကာရော မမေးတော့ပေ။

သူတို့လေးယောက်သည် အအေးဆိုင်တွင် အချိန်တော်တော် ကြာသည်အထိ ဟိုပြောဒီပြောဖြင့် ထိုင်ခဲ့ကြလေသည်။

***